# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင် စီစဥ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်




> ဘုရားသခင်၏ စကားတော်ကို နားထောင်သည်ထက် သင်တို့၏ စကားကို သာ၍ နားထောင်သော်၊ ဘုရားသခင့် ရှေ့မှာ ကောင်းမည် မကောင်းမည်ကို ဆင်ခြင်၍ စီရင်ကြလော့။ တမန်တော် ၄း၁၉


အမှတ်စဉ် (၁၆၇) ဇူလိုင်လ ၂၀၁၅ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


## ဆရာယုဒသန် (မင်းအောင်သက်လွင်)




"ဆ" ဆရာပေါင်း များစွာ ရှိပါပြားလဲ၊ ဝိညာဉ်ရေးရာ ထို ဆရာကား။
ဆရာကောင်း ဆရာမြတ်၊ စံပြ ဆရာ တည်း။
"ရာ" ရာပေါင်း ဝိညာဉ် ရွေးနုတ်တင်ရန်၊ ခန္ဓာဆက်ကပ်
ဘဂပုံအပ်၍ ဘုရား အစေကို ခံခဲ့သူ။
"ယု" ယုယ ပိုက်ထွေး ကိုယ့်ရင်သွေးလို၊ မြန်မာပြည်သား
မျက်ကန်းများကို ဝိညာဉ်အလင်း ပေးခဲ့သူ။
"ဒ" ဒသန အတွေးခေါ် လွဲချက်ချော်ကို မှောက်လှန်ပစ်ရန်
နှုတ်ကပါတ်စာ သမ္မာကျမ်းစာကို အသက်နဲ့လဲကာ ဘာသာပြန်ခဲ့သူ။
"သန်" သန်စွမ်း ဝိညာဉ် ပျိုးခင်း ရှင်ရန်၊ မိစွန့်ဘစွန့် ကြင်သူစွန့်၍
ကိုယ်ကျိုးစွန့်ကာ ပေးဆပ်ခဲ့သူ။ ဤသို့သော သူ - ထိုသူသည်ကား။
အစေခံလမ်း ဝေဒနာလမ်းမှ -
သေမှာကို မမှုတဲ့ မာန်။ အဲဒါ - ဆရာ ယုဒသန်။ ။

(၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ကျရောက်သော ဆရာယုဒသန်နေ့ အမှတ်တရ--)

---

## နှစ်သစ်များအတွက် စသာစိန်(ပုသိမ်)




ရွက်အိုတွေ ကြွေ ၊ မြေမှာ ဝဲ ။ တမ်းတ လွမ်းရပါသည်။
ရက်လတွေ ချီ၊ အလီလီပြောင်း
နှစ်ဟောင်းကုန်တဲ့ ဆောင်းရာသီ။
နောင်းပန်းချီ အတိတ်ကို လွမ်းစိတ်ပိုလို့ မပြီး။
ရှေ့ခရီးဆက်ရန် ကြိုးစား ကြံစည်
ဖြစ်မည် ပျက်မည် ကြုံရမည်။
ရေရာမည်၊ သေချာမည် မသိ။ တစ်ခုဘဲသိတယ်၊ ဘုရား ရှိတယ်။
ကိုးစားရာ၊ ခိုလုံရာ၊ တစ်ခုတည်းသော အရာ။
ကျွန်ုပ်အပါးမှာ၊ နေ့ရက်များစွာ အတွက် -
သခင်ဘုရားနှင့် ဆက်လျှောက်မည်။

---

## ဝိညာဉ်များကိုစစ်ကြောပါ Mary (ဖျာပုံ)




ချစ်သူတို့ ခပ်သိမ်းသော စိတ်ဝိညာဉ်တို့ကို မယုံကြည်ကြနှင့်။ စိတ် ဝိညာဉ်တို့သည် ဘုရား သခင်နှင့် စပ်ဆိုင်သည် မစပ်ဆိုင်သည်ကို စုံစမ်းကြလော့။ အကြောင်းမူကား မိစ္ဆာ ပရောဖက်များတို့သည် ဤလောကသို့သွားကြပြီ။ (၁ယော ၄း ၁)

အထက်ပါ ကျမ်းပိုဒ်က ချစ်မိတ်ဆွေတို့ ကမ္ဘာလောကတွင် ဆရာ အတု အယောင်များ စွာရှိ၏။ ထို့ကြောင့် ဝိညာဉ်အားလုံးကို မယုံကြည်ပါနှင့်။ ဘုရားသခင် ထံမှ လာသော ဝိညာဉ် ဟုတ် မဟုတ်ကို ဆန်းစစ်ကြဖို့ ဆိုလိုပါတယ်။

ရှေ့ဦးစွာ ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော် ကျွန်မ နှလုံးသားမှာ သွန်သင် လမ်းပြပြီး ဖတ်ရှုရသူ အယောက်စီတိုင်း ဝိညာဉ်ခွန်အား ရရှိနိုင်ဖို့ မျှော်လင့်မိပါတယ်။ ယနေ့ ဒီအကြောင်းအရာလေးကို ဖွင့်ဟ ရေးသားနိုင်ဖို့ တို့ထိပေးသော တူမ တစ်ယောက်ကိုလဲ ကျေးဇူးတင်ပါတယ်။ ဒီတူမလေး သူ့ရဲ့ မိဘနှစ်ပါးဟာ မယုံကြည်သူတွေပါ။ ဒါပေမဲ့သူတို့ မောင်နှမ ခြောက်ယောက်ဟာ အားလုံး ယုံကြည်သူတွေ ဖြစ်ပါတယ်။ ဘုရားသခင်ကို သိပြီး သူတို့ရဲ့ အသက်တာကို ကြီးထွား ရင့်ကျက်လာသူတွေ ဖြစ်ပါတယ်။ ယုံကြည်သူတိုင်းမှာတော့ စုံစမ်းနှောက်ယှက်ခြင်း အစစ်ကြော ခံရခြင်း တစ်မျိုးစီ ခံရတတ်ကြပါတယ်။

ကျွန်မရဲ့ တူမလေးဟာ တစ်နေ့တော့ သူ့ရဲ့ စုံစမ်းခြင်း ခံရတဲ့ အကြောင်းလေးကို ပြောပြပြီး သူ့ရဲ့ အိမ်မက်ကိုလဲ ပြောပြပါတယ်။ နောက်ပြီး သူ့ဖြစ်ရပ်လေးကို သခင့်စကားစာစောင် မှာ အလျင်း သင့်သလို တင်ပြပေးဖို့ ပြောပါတယ်။ သူဆိုလိုချင်တာကတော့ စင်္ကာပူ အိမ်အလုပ်သမ တစ်ယောက်အနေနဲ့ အဘိုးအရွယ်ရှိတဲ့ အလုပ်ရှင်၏ ပြုမူ သွေးဆောင်ခြင်းကို ခံရကြောင်း ဘဝတူ များလည်း ထိုကဲ့သို့ ဖြစ်ရပ်များ ရှိနေတာကြောင့် သူလည်း တစ်ယောက် အပါအဝင် ဖော်ပြချင်တာပါ။ အဖိုး အရွယ်ရှိတဲ့ သူဟာ သူ့ကို မသိမသာ လက်လေးကိုင် လက်လေးနမ်း I love you လို့ ပြောတဲ့ အဆင့်ကနေ နောက်ဆုံးအဆင့် " ငါအိုနေပြီ နင် ကိုယ်ဝန် မရှိနိုင်ဘူး" လို့ ပြောတဲ့ အဆင့်ထိ ရောက်လာပါတယ်။ သူ့မှာ လက်ရှိ မိန်းမ အပြင် အခြား အမျိုးသမီး တစ်ယောက်ကိုလည်း အိမ်မှာ ငှားရမ်း နေထိုင်ခွင့် ပေးထားပါသေးတယ်။ သူဟာ ဇနီးသည်နဲ့ တွဲသွား တွဲလာ မလုပ်ဘဲ အဲဒီ အမျိုးသမီးနဲ့သာ ချိန်းချက် သွားလေ့ ရှိပါတယ်။ ဒီ ဖြစ်ရပ်လေးကို ကြည့်ခြင်းအားဖြင့် ယနေ့ ကျွန်မတို့ မိမိရဲ့ စိတ် ဝိညာဉ်ကို ပြန်စစ်ဆေးဖို့ လိုပါတယ်။ ကျွန်မရဲ့ တူမဟာ ဒီအချိန်မှာ ရှေ့တိုးရ အခက် နောက်ဆုတ်ရ အခက် ဖြစ်နေပါတယ်။ သူ ဒီအိမ်မှာ အလုပ် စလုပ်တာ ပွဲစားခ ၄လစာ ကြေလို့ သူ့လခ စရဖို့ အချိန်မို့ အရှေ့ အနောက် စဉ်စားရ ခက်နေပါတယ်။ ကျွန်မ သူ့ကို ဘုရားရှင် မတတ်နိုင်တာ ဘာ တခုမှ မရှိဘူး၊ ဘုရားကိုဘဲ အားကိုးဖို့ အားပေးပါတယ်။ ဒါနဲ့ သူ အလုပ်ပြောင်းဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ အဲဒီလို ဆုံးဖြတ်ချက် ချပြီး ချိန်မှာ၊ အိမ်ကို ပြန်လာရင် ကောင်းမလား၊ ဒီကနေဘဲ အလုပ်သစ် ရှာရင် ကောင်းမလားလို့ တွေးတောစဉ်စားရတာတွေ များပါတယ်။ (ယောဘ ၃၃း၁၄-၁၆) မှာ ရေး ထားတာကတော့ " ဘုရားသခင်သည် တစ်ကြိမ် မိန့်တော်မူ၏။ လူ မရိပ်

---

## ဆပ်၍မကုန်သောကျေးဇူး ဖွန်ပန်း




ကျွန်ုပ် ဘဝ သုည မှ အစ ပြုခဲ့ရ ။
ထာဝရဘုရား ကျွန်ုပ်အား ယနေ့ထိတိုင် ပစ်မထား ။
အံ့သြဖွယ်ရာ သူ့မေတ္တာ တသွင်သွင် စီးဆင်းကာ ။
ယနေ့ထိတိုင် ရပ်တန့်မသွား အံ့ဖွယ် ကောင်းကြီးများ ။

---

## လောကကြီးရေ့ သိုးသူငယ် (ဒါးက)




လောကကြီးရေ မင်း ငါ့ဘက်မှာ တစ်ခါမှ ရပ်တည်မပေးဘူးနော်။
တစ်ခါလေးတောင် မျက်နှာသာ မပေးဘူးနော်။
တစ်ချက်လေးမှ စောင်းငဲ့ မကြည့်ဘူးနော်။
တစ်ခါဘဲဖြစ်ဖြစ် အောင်မြင်မှုလေးတောင်မပေးဘူးနော်။
အဲဒါတွေကြောင့် ငါမင်းကို ကျေးဇူးတင်တာပေါ့ကွာ။
မင်းသာ ငါ့ဘက်က ရပ်တည် ကြည့်၊
မင်းသာ ငါ့ကို မျက်နှာသာ ပေးကြည့်၊
မင်းသာ ငါ့ကို ကြည့်ရှုစောင်မ ကြည့်၊
မင်းသာ ငါ့ကို ရှုံးနိမ့်မှု မပေးကြည့်၊



ငါ မင်းကို လုံးဝ လမ်းခွဲနိုင်မှာ မဟုတ်ဘူး။
ငါ မင်းကို စွန့်လွှတ်နိုင်မှာ မဟုတ်ဘူး။
ငါ မင်းကို အားကိုးမိမှာ။ ကိုးကွယ်မိမှာ။ အလေးအမြတ် ထားမိမှာ။
ဒါဆို ငါ့အဖေရဲ့ ချစ်ခြင်းကို ငါမြင်ခဲ့မှာ မဟုတ်ဘူး။
ငါ့အဖေ ပေးတဲ့ ကယ်တင်ခြင်း ငါလက်လွှတ်လိုက်ရမှာ၊
ငါ့အဖေ ပေးတဲ့ ထာဝရအသက် ငါဆုံးရှုံးလိုက်ရမှာ၊
ငါ့အဖေရဲ့ အိမ်နဲ့ ငါ ဝေးရမှာပေါ့ကွာ။ ။ သိုးသူငယ် ဒါးက



---

## မိုး Bo[Art]




ရွာမလိုနဲ့ မိုး ပြုံမဲ့ ဟန်တွေနဲ့
ဟိန်းသံ ဟောက်သံ ပေးလို့ အငြိုးတွေနဲ့ရယ်၊
ခြိမ်းကာ ခြောက်ကာနဲ့ ကြောက်ကာကွယ်
တံခါးကို ပိတ် အိပ်မယ်ကွယ် ဟန်ပြင်တော့
နှုတ်ပိတ်ကာ သူ မဟုတ်သလိုနဲ့
တိတ်လို့ရယ်သွားတယ်။ ဟန်ဆောင်တဲ့ မိုး။



နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

မိလျှင် နှစ်ကြိမ်တိုင်အောင် မိန့်တော်မူ၏။ လူသည် အိပ်ယာပေါ်မှာ ငိုက်လျှက် အိပ်ပျော် လျက်နေသောအခါ အိမ်မက်မြင်၍ ညဥ့်ရူပါရုံကို ခံရသောအားဖြင့် ဘုရားသခင်သည် လူ၏ နားကို ဖွင့်၍ ဆုံးမ တော်မူတတ်၏။" ထိုကျမ်း စကား အားဖြင့် ဆင်ခြင် ကြည့်ရှုတဲ့အခါ ဘုရားရှင်ဟာ သူ့ကို အိမ်မက် ရူပါရုံအားဖြင့် ဆုံးမ တော်မူပါတယ်၊ သူ့ အိမ်မက်ထဲမှာ အိမ်ကို ပြန်သွားပြီး အသင်းအုပ်ဆရာ အိမ်ကို ပြန် သွားပါတယ်၊ ဆရာ့အိမ်က ခွေးတွေက သူ့ကို ကိုက်ဖို့ရန် ဝိုင်းအုံနေတဲ့ အချိန်မှာ ဆရာက ကိုက်ပါစေ၊ နင့်ကို သွေးထွက်အောင် ဝိုင်းကိုက်ပါစေ၊ ငါ ကြည့်နေမယ်လို့ ပြောပါတယ်၊ ဒီအိမ်မက်အားဖြင့် သူ့မှာ ထူးခြားမှု ခံစားရပြီး သူဟာ ဆရာကို ဖုန်းဆက်ခေါ်ပါတယ်။ သူ့အတွက် ထူးထူး ခြားခြားပါဘဲ၊ ဆရာက တခါမှ ဒီလိုမျိုး မမေးဖူးဘူးတဲ့။ နင် အလုပ် အဆင်ပြေလားလို့ မေးပါတယ်၊ သူက ဟုတ်ကဲ့ အဆင်ပြေပါတယ်လို့သာ ပြန်ဖြေလိုက်ပါတယ်။ သူ့ရဲ့ ဖြစ်ရပ် အလုံးစုံကို ကျွန်မကို ပြောပြပြီး အကူ အညီ တောင်းပါတယ်၊ စုံစမ်းနှောက်ယှက်ခြင်း ဒုက္ခမျိုးစုံ ရောက်တဲ့အခါ နှုတ်ကပတ်တော် သွန်သင်ခြင်းဖြင့်သာ လျှောက်လှမ်းဖို့ When I am trouble about the future, let me hold on to God's word ဆိုပြီး ဆာလံ ၃၁:၂၃-၂၄, ဆာလံ ၉:၁၀, ဆာလံ ၃၄:၄, ဆာလံ ၄၀:၁-၂, ဆာလံ ၅၄:၆-၇, မသဲ ၇:၈ When you are trouble about the future .... ဖိလိပ္ပိ ၄: ၆-၇ တို့ကို အဖန်ဖန် ရွတ်ဆို ခွန်အား ယူနိုင်း လိုက်ပါတယ်၊ အဲဒီ အခါမှာ သူမဟာ နှုတ်ကပတ်တော်ရဲ့ တန်ခိုးကို ခံစားရတယ်လို့ ဝန်ခံပါတယ်။

အချို့သော သူများသည် ရူပါရုံ၊ အိမ်မက်၊ ပရောဖက်ပြုချက်များကို ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ကိုက်ညီမှု ရှိ မရှိ ဦးစွာ မစစ်ဆေးဘဲ လွယ်လင့်တကူ ယုံကြည် တတ်ကြသည်။ ထိုသို့ အဖြစ်များ လူများစွာ ယနေ့ ကြုံတွေ့နေရသည်၊ ရူပါရုံ၊ အိမ်မက်၊ ပရောဖက်ပြုချက်များသည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ကိုက်ညီမှု မရှိလျှင် ထိုအရာသည် ဘုရားသခင်ထံမှ လာခြင်းမဟုတ်၊ ထိုအရာများကို ယေရှုနာမဖြင့် ငြင်းပယ် ရှင်းပစ်ရမည်၊ ဘုရားသခင်ထံမှ လာသော ရူပါရုံ အိမ်မက် ပရောဖက် ပြုချက် ဗျာဒိတ် ဖွင့်ပြချက်များကို ကောင်းစွာ သိရှိရန် နှုတ်ကပတ်တော်နှင့် စစ်ဆေးရန် ဖြစ်သည်။ ဘုရားသခင်သည် မိမိကိုယ် မိမိနှင့် မကိုက်ညီသည့် အရာ မလုပ်ပါ။ ဥပမာအားဖြင့် တစုံတယောက်သည် မယုံကြည်သူနှင့် အိမ်ထောင်ဖက်ပြုရန် အိမ်မက် ရူပါရုံ ရသည်ဆိုလျှင် ထိုအရာသည် နှုတ်ကပတ်တော် နှင့် ကိုက်ညီမှု မရှိကြောင်း အထွေအထူး စဉ်စားစရာ မလိုပါ။ ၂ကော ၆:၁၄ တွင် " မယုံကြည်သော သူတို့နှင့် တွဲဖက်၍ ဆန့်ကျင်ဘက်ဖြစ်သော ထမ်းပိုးကို မထမ်းကြနှင့်၊ တရားသော အမှုသည် မတရားသော အမှုကို အဘယ်သို့ လက်ခံနိုင်မည်နည်း။ အလင်း သည် အမှောင်နှင့် အဘယ်သို့ ဆက်ဆံနိုင်မည်နည်း။" ဟု အတိအလင်း ဖေါ်ပြထားပါသည်။

၂သက် ၅:၂၁ တွင် " ခပ်သိမ်းသော အရာကို စုံစမ်း၍ ကောင်းသော အရာကို မြဲစွာ ကိုင်ကြလော့။" ဟုဖေါ်ပြထားသည်။ တစ်နည်းအားဖြင့် နှုတ်ကပတ် အလင်း ရှိသမျှကိုသာ ကိုင်စွဲဖို့ နှုတ်ကပတ်နှင့် မကိုက်ညီသည့် ဗျာဒိတ်၊ ရူပါရုံ၊ အိမ်မက်၊ ပရောဖက်ပြုချက်များကို လက်ခံဖို့ ကောင်းသည်ဟု ကျွန်မတို့ ခံစားရသော်လည်း ထိုအရာသည် ဘုရားသခင်ထံမှ လာသည်ဟု မသတ်မှတ်နိုင်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အခွင့်အခါ ရှိပြီး ထို နှုတ်ကပတ်တော်အားဖြင့် သူ၏ ဖွင့်ပြချက်များကို ကျွန်မတို့ စေ့စေ့ နားလည်ရပါမည်။ သို့ဖြစ်သော် ပရောဖက်ပြုချက်များကို နှုတ်ကပတ်တော် အားဖြင့် စစ်ကြောကြပါစို့။ ခရစ်တော်၌ အသစ်ပြုပြင်သော အရာများတွင် စိတ်ရှုပ်ထွေး၊ စိတ်ပျက်ပြားစရာ အကြောင်းအရာများ မရှိပါ။ ထိုအရာများကို လုံးဝ ဖယ်ရှားပစ်ပြီး ဖြစ်ပါသည်။ ထို့ကြောင့် နှုတ်ကပတ်တော်ကို ရဲရင့်စွာ ဝန်ခံ မြွက်ဆို ခြင်းဖြင့် မိမိ အသက်တာမှာ ဖြစ်လာစေချင်သည့် အရာ မှန်သမျှကို ဖေါ်ဆောင် စီစစ်ကြပါစို့ဟု အနည်းငယ် တိုက်တွန်း အားပေး ဆန္ဒပြုလိုက်ပါသည်။

၁ကော ၆:၂၀ " ဘုရားသခင် ပိုင်တော်မူသော သင်တို့၏ ခန္ဓာကိုယ်နှင့် စိတ် ဝိညာဉ် အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှားစေကြလော့။" စာဖတ်သူ အပေါင်း စီတိုင်း နှုတ်ကပတ်တော်အားဖြင့် မိမိ အသက်ဝိညာဉ်ကို ပြန်လည် စီစစ်နိုင်ကြပါစေ။ ယေရှုနာမ၌....။ အာမင်။ ။ Mary (ဖျာပုံ)

---



# အလုပ်



**အလုပ်** နွယ်ဝေမွန်(ပြည်)

လူတိုင်းကို မပြောသင့် မပြောအပ်သည်များကို လျှို့ဝှက်ပြီး တစ်ပါးသူ မသိစေချင်သော အမှုကိစ္စ ကြီးငယ်တို့တွင် နှုတ် အမှုအရာ၌ စောင့်စည်းလိုက်နာဖို့ ရှေးဆိုရိုး စကားပုံတစ်ခု ကြားနာ မှတ်သားခဲ့ဘူးတယ်။ ဖူးအပေါက် တစ်ရာ သာ ပိတ်လို့ရပါမယ်တဲ့ ပါးစပ် အပေါက် တစ်ပေါက် ကိုတော့ ပိတ်လို့ မရပါဘူး၊ ဒီစကားရဲ့ လေးနက်မှုကို အရင်တုန်းက ခုလောက် အကျယ်ကြီး ချဲ့ပြီး တစ်ခါမှ မစဉ်းစား မတွေးခေါ်မိဘူး။ ခုတော့ စကားရဲ့ ဆိုလိုရင်းက ကိုယ်နဲ့ တိုက်ရိုက် မပါတ်သက် သည့်တိုင် သွယ်ဝိုက်ပြီး သက်ဆိုင် နေပြန်တော့မှ ငါ့အတွက်တော့ တကယ်မှ တန်တာ ဘဲလေ ဟု တောက်ခံမိရ၏။

စုဆောင်းမိလို့ မဟုတ်ပေမဲ့ ကိုယ့်ရဲ့ အခက်အခဲ တစ်ခုကြောင့် သံယောဇဉ်ကြီးတဲ့ တပ်မတော်က အနားယူ ထားရတယ်ဆိုတော့ ငွေပင် ငွေရင်းက ဗလာ နတ္ထိ၊ တစ်လ တစ်လ ရတဲ့ ပင်စင် လစာငွေက နည်းနည်း ပါးလွန်းတော့ မိသားစု ဘဝ ရပ်တည်မှုအတွက် ဘယ်နေရာကမှ အထောက်အကူ မပြုနိုင်ခဲ့ပြန်။

တစ်ဘက်မှာတော့ ကျေးဇူးတော်အတိုင်း ကတိတော်ကို ခံစားရလို့ တပ်က အငြိမ်းစား ယူပြီးမှ သားသမီးနောက်ထက် ၃ဦး ထပ်မံ တိုးပွားလာပြန်သည်။ အရင် တစ်ယောက်ရယ် ကျွန်တော်တို့ ဇနီးမောင်နှံရယ်နဲ့ စုပေါင်းလိုက်တော့ စုစုပေါင်း ၆ယောက် ဖြစ်လာတယ်၊ အဲ့ဒီမှာ စောစောက ကျွန်တော် ပြောတဲ့ ဆိုရိုးစကား ဖူးအပေါက် တစ်ရာသာ ပိတ်လို့ရမယ့် ပါးစပ်အပေါက် တစ်ပေါက်ကို ပိတ်လို့ မရဘူး ဆိုတာ ခုဟာက တစ်ပေါက် မဟုတ်ဘူး။ ခြောက်ပေါက် ဖြစ်သွားတော့ ပိတ်ဖို့ နေနေ သာသာ ဟ နေသော သူတို့ ပါးစပ်ပေါက်လေးတွေ အာသာပြေဖို့ ကျွန်တော်တို့ ဇနီးမောင်နှံ နှစ်ဦး လက် မလည်နိုင်တော့။ ဆန် ကုန်လိုက်။ ဆီ ကုန်လိုက်၊ ပိုက်ဆံ အိတ်လေးတွေ ပိန်သွားလိုက်နှင့် ရှာဖွေလိုက်သည်များ။ လှည့်လိုက် ပတ်လိုက် ရသည်များမှာ တိုက်စစ်မှူး ဘောလုံးသမားတစ်ဦးလိုပင် ဖြစ်၏။

အငြိမ်းစား ဟု နောက်မှာ အမည် တပ်ထားသော ကျွန်တော် အငြိမ်း မစား နိုင်တော့။ မွေးထားတဲ့ သမီးလေးတွေ အငြိမ်းစား နိုင်ဖို့ အလုပ် ထွက်လုပ်ရပြန်သည်၊ ဒီနေရာမှာ လုပ်ဖို့ ဆိုတဲ့ အဆင့်ကို ရောက်ဖို့ တော်တော်လေး ကျိုးပမ်းခဲ့ရပါတယ်။ ပထမဆုံးသော နေ့ရက်များစွာမှာ အလုပ် ရှာခဲ့ရတာ၊ ဟိုအလုပ် ရနိုး၊ ဒီအလုပ် ရနိုးနှင့် ကိုယ့်ကို ခိုင်းမည့် အလုပ်ရှင်ဟု ဆိုသူတွေရဲ့ ရှေ့မှာ လက်ကျန် ကော်လံ ကတုံး လက်ရှည် အင်္ကျီ အဖြူလေး ဝတ်လို့ ခပ်ယို့ယို့နဲ့ မတ်တပ်ရပ်ပြီး တစ်ဖုံ၊ ကုလားထိုင်မှာ ကျုံ့ကျုံ့လေးထိုင်ပြီး တစ်မျိုးနှင့် ကျွန်တော် ပြောခဲ့တဲ့ ပထမဆုံး နေ့ရက်များစွာတွေ ဖြတ်သန်းလို့ အပြီး၊ လူမှာသာ နိမ့်ချမှု ခေါက်ရိုး ပုံစံ ကျိုးသွားသည်၊ အလုပ် ကတော့ သူစိမ်း ဆန်စွာ ကျွန်တော့်ကို အနားကပ် မခံခဲ့။

အလုပ်က အနားကို အကပ် မခံခဲ့ပေမဲ့၊ အပြစ် ကင်းစင်တဲ့ သမီးလေး တွေက ပျော်ရွှင်စွာ အနားကပ်မြဲ၊ အဆိုးဆုံးကတော့ ကျောင်းပိတ်ရက်နဲ့ စာကျက်ချိန် ညပိုင်း တွေမှာဘဲ။ ကျူရှင်ဆိုတာ မထားနိုင်လို့ သူတို့ မေးသမျှ စာတွေကို ရှင်းပြရသည်မှာ ခြောက်ပတ်ဝိုင်း တီးသလို ချာချာလည်နေ၏။ ဒီကြားထဲကမှ ဆန်ကုန်ပြီးနော်။ ဆိုသည့် ခပ်တိုးတိုး ရောက်လာသည့် ဇနီးသည်ရဲ့ စကားသံက နားဝမှာ ပတ်မကြီး ကပ်ပြီး တီးလိုက်သလို ဒုန်း ခနဲ၊ ရင်တစ်လုံး မြည်ဟီး သွားတတ်ပါသည်။ ထို အချိန်များတွင် ဖြစ်ခဲ့ရသော ကျွန်တော်၏ ပုံသဏ္ဍာန်ကို အနီးစပ်ဆုံး ဖော်ပြရလျှင် လူငယ် တို့လို ခေါင်းလိမ်းဆီဖြင့် ဂျယ် တောင်မထားသော်လည်း ပြောင်နေသည့် နဖူး ထက်မှ လက်ကျန် ဆံပင်လေးများသည် မိုးကြိုးအပစ် ခံရသလို ထောင်လျက် သွားသည်ဟု ကျွန်တော် ခံစား မိပါသည်

အဲ့ဒီ ကာလတွေမှာဘဲ။ အသင်းတော်ရဲ့ ဥပုသ်နေ့ တစ်နေ့မှာ သင်းအုပ်ဆရာက အလုပ်အကြောင်းဖြင့် ပတ်သက်သော ဒေသနာတော် ဝေငှတဲ့အခါ ဘုရားသခင် လူတိုင်းကို ကောင်းချီးပေးတယ်၊ အလုပ် မရှိသော သူကို ဘုရားသခင် နှစ်သက်တော် မမူဘူးတဲ့၊ အလုပ် မရှိသော ကျွန်တော့အဖို့ ခက်ပြီးဟု တွေးမိ၏။ သင်းအုပ် ဆရာသည် ကျွန်တော်၏ ဦးလေးတော်သူ တစ်ဦးမို့ ဒီအတိုင်း ပြောလျှင် မကောင်း။ တရားဟော စင်ပေါ်မှ ဒေသနာတော် ဝေငှပြီး တိုက်တွန်း နေတာလား။ ဒါမှမဟုတ် ဘုရားသခင် နိုင်ငံတော်အတွက် ကျွန်တော်တို့ လုပ်ဆောင်ရမည့် အလုပ်ကို ပြောတာလား ဆိုတာတောင် သေချာ မစဉ်းစားနိုင်ခဲ့ဘူး။ သိမ်ငယ်စွာနဲ့ ဘုရားသခင်ထံမှာ ဆုတောင်းနေမိတယ်။ ကျွန်တော့်ကို အလုပ်တစ်ခု မြန်မြန်ရှာပေးပါလို့။

အဖြေ ပေးခဲ့ပါတယ်။ စာငှက် တစ်ကောင်ကိုမျှ အငတ်မထား၊ ပစ် မထားဘူး ဆိုတဲ့ ဘုရားသခင်ဟာ ကျွန်တော်နဲ့ အံဝင်မည့် အလုပ် တစ်ခုကို မကြာမီ အချိန်မှာပဲ ပြင်ဆင်ပေးခဲ့တယ်၊ ကျေးဇူးတော်ကြောင့် အလုပ် ရတော့ ခုနက ပါးစပ် ပေါက်လေးတွေ ပိတ်မသွားတောင်မှ သိပ် မဟာတော့ဘူး။ ဘာဖြစ်လို့လည်း ဆိုတော့ သူတို့ရဲ့ ဝမ်းမီးက ငြိမ်းသွားပြီး ဖြစ်လို့ပါဘဲ၊ သူတို့ ကလေးတွေကို ကြည့်ပြီး ကြည်နူး ပီတိ ဖြစ်လျှက်မှ ငယ်စဉ်က မွေးစားဖခင်ကြီးကို သတိရမိတယ်။ သူ့သားသမီး တစ်ပုံ တပင် သာမက ကျွန်တော့် ပါးစပ်ပေါက် တစ်ခုကိုပါ အဆစ် ကျွေးမွေးခဲ့တဲ့ သူ့ ကျေးဇူး



သခင့်စကား ဝိညာဉ်ရေးရာ မဂ္ဂဇင်း၊ အမှတ်စဉ် ၁၆၇ ဇူလိုင်လ ၂၀၁၅ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

အားကိုးရာမဲ့ဖြစ်၊ အရာအားလုံးကို ဘုရား လက်ထဲအပ်နှံ၊ ဘုရားရဲ့ ကောင်းမြတ်ခြင်း အလွန့်အလွန် ခံစားရတယ်။ ကျွန်တော် ကျွန်မတို့ ကိုးကွယ်တဲ့ ဘုရားဟာ အသက်ရှင်တဲ့ ဘုရား ဖြစ်တယ်။ ဘယ်သောအခါမျှ လျစ်လျူမရှုဘဲ အမြဲ စောင့်ရှောက်ခဲ့တယ်။ စင်ကာပူကို ရောက်ခါစ တုံးက အရင်ဦးဆုံး ဘုရားကျောင်းကိုရောက်ရှိခဲ့တယ်။ ကျွန်မရဲ့ အခက်အခဲတွေကို ပြောပြပြီး ဆရာက လက်တင် အထူး ဆုတောင်း ပေးခဲ့တယ်။ ဘုရားသခင်ရဲ့ ကျေးဇူး တော်ကြောင့် အရာ အားလုံးအဆင်ပြေတယ်။ ဒုတိယအခေါက် ဘုရားကျောင်း အရောက်မှာ သင်းအုပ်ဆရာက တရားဟောဘို့ အစပျိုး လိုက်ပါတယ်။ ဒီ တရား ဟောချက်က တစ်ခါ ပြောပြီး ပါပြီတဲ့၊ သမီး သိလိုက်တယ်၊ ဒါ ငါ့အတွက် သက်သက်ပဲ။ ဆရာရဲ့ တရားဟောချက်ကို စိတ်ဝင်တစား နားထောင် လိုက်တယ်။ ခရစ်ယာန် တွေအတွက် အဖိုး မဖြတ်နိုင်တဲ့ ဓမ္မဆရာ တွေဘဲ၊ ခွန်အားအပြည့် ရလာတယ်၊ အရင်က အရမ်း ပင်ပန်းတယ်လို့ အော်နေတဲ့ အသံတွေကို ပျောက်ကွယ် သွားတဲ့နိုင်တဲ့ အထိ ဆရာ က ခွန်အားပေးလိုက်တယ်။ ဆရာ ဟောတဲ့ အထဲမှာ လူရယ်လို့ ဖြစ်လာရင် ပင်ပန်းစွာ အလုပ် လုပ်ရမယ်။ ပင်ပန်းဆင်းရဲစွာ အသက်ရှင်ရမယ်။ ကမ္ဘာမှာ လူသား ဖြစ်တဲ့အတွက် ဘယ်လောက်ပဲ ပင်ပန်းပါစေ၊ အလုပ်ထဲမှာ အမြဲပျော်ပါ၊ အောင်မြင်ခြင်း သက်သက် ရှိတယ်။ (ကမ္ဘာ ၃း၁၆) မိန်းမတွေ ကိုယ်ဝန်ဆောင်ပြီး ပင်ပန်းစွာ ဝေဒနာခံ သားဖွားရတယ်။ ခင်ပွန်းရဲ့ အုပ်စိုးခြင်းကိုလည်း ပန်ခံရတယ်လို့ ပုံသက်သေဖြင့် ပြောပါတယ်။

အခု အချိန်မှာဆို ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်းကို ရေတွက်လို့ မဆုံး အောင် ခံစားရတယ်။ ဒီစင်ကာပူကို ရောက် အောင် ပို့ ဆောင်ပေးတဲ့ ဘုရားရဲ့ ကျေးဇူးကို အထူးတင်ပါတယ်။ ခရစ်ယာန် တစ်ယောက်ရဲ့ အသက်တာကိုလည်း ပိုပြီး နားလည် သိရှိလာရတယ်။ (သုတ္တံ ၂၂း၄) စိတ်နှိမ့်ချခြင်း၊ ထာဝရဘုရားကို ကြောက်ရွံ့ခြင်း ကျေးဇူးကြောင့် စည်းစိမ်၊ ဂုဏ်အသရေ အသက်ကို ရတတ်၏။ ဒီ ကျမ်းလေး နဲ့အတူ ကျွန်တော်၊ ကျွန်မတို့ အသက်တာကို နှိမ့်ချပြီး အသက်ရှင် ကြစို့လား။ ကျမ အမြဲတမ်း ရွတ်နေတဲ့ ကျမ်းပိုဒ်လေးက (မဿဲ ၁၁း၂၈)(သုတ္တံ ၁၆း၃)(ရောမ ၁၂း၁၂) ပဲဖြစ်ပါတယ်။ တကယ်ဘဲ ကျွန်မသူငယ်ချင်းတစ်ယောက်နဲ့ စကား ပြောဖြစ်တယ်။ သူက စားဝတ်နေရေးအတွက် ဘာ အပူအပင်မှ မရှိတဲ့ သူပါ၊ အဖေက သဘော်သား၊ ဒါပေမဲ့ သူ့ရဲ့ အစွမ်းအစနဲ့ အဖေ အမေကို လုပ်ကျွေးချင်တယ် ဆိုပြီး စင်ကာပူနိုင်ငံမှာ အနိမ့်ဆုံး အိမ်အလုပ်နဲ့ လာလုပ်တယ်။ ကျမ အမြင်မှာ သူမဟာ နှိမ့်ချတဲ့ နှလုံးသား ရှိတယ်။ သူ့ရဲ့ ဆောင်ပုဒ်က မိဘကို ကျွေးမွေးပြုစုတဲ့ သားသမီးက ဘယ်သောအခါမှ မဆင်းရဲဘူးတဲ့။ သူတောင် လုပ်နိုင်သေးတာပဲ၊ ငါ့လို မိသားစု စားဝတ်နေရေး မပြေလည်တဲ့သူက ဘာလို့ မလုပ်နိုင်ရမှာလဲ၊ ကျမ ပြောချင်တာက လူတိုင်းမှာ အဓိကက စိတ်ဘဲ၊ အရာတစ်ခုခုကို စိတ်ခါတ်ပြင်းပြင်းထန်ထန်နဲ့ ချလိုက်ပြီး ကြိုးစား လိုက်မယ်ဆိုရင်၊ မအောင်မြင်ဘူးဆိုတာ မရှိစေရပါဘူး။ ပထမဦးဆုံး အချက်က ဘုရားသခင်နှင့် အမြဲတိုင်ပင်ရမယ်။ ကိုယ်တော်ကို နံပါတ်တစ် နေရာမှာ ထားတဲ့ သူတွေအတွက် ဘယ်သောအခါမှ လမ်းမှား မရောက်စေရဘူး၊ ကျမက တိုင်းရင်းသူ မို့လို့ စာရေးတာ အစီ အစဉ် မကျဘူး။ ဖတ်တဲ့ ညီအစ်ကို မောင်နှမ အားလုံး နားလည် ခွင့်လွှတ် ပေးပါလို့ မေတ္တာရပ်ခံပါတယ်။ ဒီသက်သေကို ဖတ်တဲ့ သူတိုင်း ခွန်အား ရမယ်လို့ မျှော်လင့်ပါတယ်၊ အယောက်စီတိုင်း အပေါ် ဘုရားသခင် ကောင်းကြီး သွန်းလောင်းပါစေ။(အာမင်)

(မူပရိုး) မြောင်းမြ

-----------------

## ဘယ်သူ့အတွက်လဲ

### ဘယ်သူ့အတွက်လဲ (မင်းအောင်သက်လွင်)



ဇွန်လ ၂၈ ရက် ၂၀၁၅ ခုနှစ် နေ့က စင်ကာပူ ရောက်နေတဲ့ မြန်မာ တိုင်းရင်း သားတွေ စုပေါင်း သွေး လှူတဲ့ ပွဲလေး တစ်ပွဲ လုပ်ဖြစ် ခဲ့ပါတယ်။ ကျနော်လဲ သွေး မကြာခန လှူ နေကျ ဆိုတော့ အခုလို စုပေါင်း သွေးလှူတဲ့ ပွဲလေးကို ပါဝင် ဆင်နွှဲခဲ့ပါတယ်၊ စုစုပေါင်း လူအယောက် ၈၀ ယောက် လောက် လာရောက် လှူဒါန်းကြပါတယ်။ ကျနော်နဲ့ အတူတူ ခရစ်ယာန် သူငယ်ချင်း သုံးယောက်။ စုစုပေါင်း ကျနော် အပါအဝင် လေးယောက်ဟာ သွေးလှူဖို့အတွက် စင်ကာပူနိုင်ငံ သွေးလှူ ဘဏ်ခွဲ တစ်ခုဖြစ်တဲ့ westgate ကိုရောက်ရှိ နေကြပါတယ်။ သွေးလှူချိန် နောင့်နေးကြန့်ကြာနေတာမို့ ဦးစီးဦးဆောင် ပြုလုပ်တဲ့ စင်ကာပူနိုင်ငံရောက် မြန်မာ့ လူမှုရေးအဖွဲ့က တာဝန် ရှိသူများက သွေးလှူ သူတွေကို နေ့လည်စာနဲ့ တည်ခင်း ဧည့်ခံကြပါတယ်။ ကျနော်တို့ သူငယ်ချင်း လေးယောက်ထဲမှာ တစ်ယောက်သော မိန်းကလေးက သွေး လှူဖို့ ကြိုတင် ပြင်ဆင် မထားခဲ့ သူမို့ နေ့လည်စာ မစားခဲ့ရသေးပါဘူး။ ဒါနဲ့ ကျနော် တို့ အတူတူ ထိုင်ပြီး စားကြပါတယ်။ အဲဒီအချိန်မှာ သဘော်ကျင်းမှာ အလုပ် လုပ်တဲ့ သူငယ်ချင်းက မိန်းကလေးကို "စားသာ စား၊ စား နိုင်ရင် ကိုယ့် အတွက်။ လုပ်နိုင်ရင် သူဌေးအတွက်၊ ပို့နိုင်ရင် အိမ် အတွက်" လို့ နောက်နောက် ပြောင်ပြောင်နဲ့ စကားတစ်ခွန်း ပြောလိုက်ပါတယ်။ သူပြောတဲ့ စကားက ကျနော့် အတွက် ဆောင်းပါး တစ်ပုဒ် ရသွားပါတယ်။

(စား နိုင်ရင် ကိုယ့်အတွက်) - ဟုတ်ပါတယ်။ စင်ကာပူမှာ အလုပ် လုပ် နေတဲ့ ကျနော်တို့ ရွှေ့ပြောင်း အလုပ်သမားတွေဟာ အစား အစာ ရှိုးရှာ ဓလေ့ မတူ တာရယ်။ ငွေ ပိုကုန် မှာရယ်။ အကြိုက် မတွေ့တာတွေရယ်ကြောင့် စင်ကာပူမှာ သိပ် များများ မစားနိုင်ကြပါဘူး။ ကျနော် စင်ကာပူ ရောက်ကာစက ငွေကုန်မှာ စိုးလို့ ခေါက်ဆွဲ ခြောက် တစ်ထုတ်ကို နှစ်ခြမ်း ခွဲပြီး မနက်၊ ည ချွေတာ စားခဲ့ရပါတယ်။ နောက် ပိုင်းမှာတော့ မစားနိုင်ရင် အားပြတ်မှာ စိုးလို့ စားနိုင်သလောက် စားခဲ့ ရပါတယ်။

(လုပ်နိုင်ရင် သူဌေးအတွက်) - စင်ကာပူ ရောက်ကာစက အလုပ်ပြုတ်မှာ စိုးလို့ သူဌေး ခိုင်းတာ အကုန် အလုပ်မရွေး ကျုံးလုပ်ကြပါတယ်။ အချိန်ပိုလဲ လုပ်ပါတယ်။ အိမ်အလုပ်သမ တွေဆိုရင် မနက်ဂေလီဂေလင်း က စလို့၊ ညနက်သန်းခေါင် အထိ လုပ်ပေး ရတဲ့ သူတွေရှိပါတယ်။ ကျနော်တို့ လုပ်နိုင်လေ၊ သူဌေး တွက်ချေ ကိုက်လေ မို့ လုပ်နိုင်ရင် သူဌေးအတွက် ပါဘဲ။

(ပို့နိုင်ရင် အိမ်အတွက်) - ကျနော်တို့ နိုင်ငံခြားရောက် ရွှေ့ပြောင်း အလုပ်သမား တွေဟာ အလုပ် လုပ်ပြီးလို့ လခ ထုတ်ရင်၊ ငွေတွေကို အကုန်နီးပါး ရှာက အိမ်ကို ပြန်ပို့ ပေးလေ့ ရှိကြပါတယ်။ များများ ပို့နိုင်ရင် အိမ်က များများရပါတယ်။ နောက်ပိုင်းမှာတော့ အိမ်က မဟုတ်တဲ့နေရာမှာ ပိုသုံးမိမှာ စိုးလို့ ကိုယ့်အတွက် ချန်ပြီး ချင့်ချိန် ပို့ ရတာတွေ လုပ်ရပြန်ပါတယ်၊ ဒီ သင်ခန်းစာလေး အတိုင်းပါဘဲ။ လောကမှာ နေထိုင် အသက်ရှင်တဲ့ ကျနော် တို့ တစ်တွေ ဘယ်သူ့အတွက် ဘာလုပ် နေကြတာလဲ ဆိုတဲ့ သင်ခန်းစာ လေး ရလိုက် ပါတယ်။

ယုံကြည်သူတွေ မလွဲမသွေ လုပ်ရမဲ့ "- - အတွက်" ကတော့ -

(၁)ဘုရားသခင်အတွက်။ (၂) မိသားစု(သို့) သူတစ်ပါး အတွက်။ (၃) မိမိ အတွက်။ တို့ဘဲဖြစ်ပါတယ်၊ အဲဒီ "(- -) အတွက်" သုံးခုကို ဘယ်နေရာမှာ ဘာကို ဘယ်လို လုပ်ရမယ် ဆိုတာ ဘုရားပေး ဉာဏ်နဲ့ ချင့်ချိန် လုပ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

။ မင်းအောင်သက်လွင်






မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက Facebook account ; lord's word တွင် ဖတ်ရှုနိုင်ပါ သည်။ ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေငှချက်) စာမူများ ဖတ်ရှုလိုပါက facebook account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ *friend request* လုပ်ပြီး ဖတ်ရှုနိုင်ပါသည် ။